# အရှင်သာရိပုတ္တရာ မြောင်းခုန်ခြင်း

အရှင်ကေလာသ
ဖေဖော်ဝါရီ ၃၊ ၂၀၁၆။
---------------

ဘုန်းဘုန်း၊ နေကောင်းရဲ့လား ..

တပည့်တော် လျှောက်ချင်တာက .. အရှင်သာရိပုတြာ မထေရ် ဟာ မျောက်ဖြစ်ဖူးလို့ မြောင်းငယ် ချောင်းငယ်တွေကို တွေ့ရင် တစ်ခါတစ်ရံမှာ ခုန်ခုန်ပြီး ကြွတော်မူတယ် ဆိုတာကို ဘုရား ဟော ကျမ်းဂန်မှာ တွေ့ဖူးပါသလား ဘုရား။ အဲဒါဟာ မဟာ ယာနတွေက အရှင်သာရိပုတ္တရာကို သိက္ခာချတာလို့ ကြားဖူးပါတယ်။ ဝါသနာကို မပယ်တဲ့အတွက် ထိုကဲ့သို့ ပြုတော်မူ ကြောင်းလည်း သိရပါတယ်။ ဝါသနာ အကြောင်းကိုပါ ရှင်းပြ ပေးစေလိုပါသည် ဘုရား။

ဦးအောင်ခင် ဒေါ်သဲသဲ (Anaheim, CA)
---------------------------

## မတွေ့ဖူးပါ

အရှင်သာရိပုတြာဟာ မျောက်ဖြစ်ဖူးလို့ မြောင်းငယ် ကျင်းငယ် တွေ့ရင် ခုန်ခုန်ပြီး ကြွတယ် ဆိုတာကို ဘုန်းကြီး ငယ်စဉ်က တောရွာ သင်္ကြန်ရက်အတွင်း ကျောင်းမှာ ဥပုသ် လာစောင့်တဲ့ အဖိုးအဖွားတွေ ပြောတာကို ကြားဖူးခဲ့တယ်။ ဒီအဆိုကို ဘုန်းကြီး ဉာဏ်မီသမျှ လေ့လာမိတဲ့ ထေရဝါဒ ပါဠိတော် အဋ္ဌကထာတွေမှာ ယခုတိုင် မတွေ့ဖူးပါ။ အဲဒီ အချိန်က ရွာမှာ ဇိနတ္ထပကာသနီ၊ စွယ်စုံကျော်ထင်၊ သမန္တစက္ခုဒီပနီကျမ်းတွေကို ဖတ်တဲ့ သက်ကြီး တစ်ယောက်ရှိလို့ အဲဒီကျမ်းတွေမှာ ပါမလား ဆိုပြီး ကြိုးစား ရှာဖွေကြည့်ပေမယ့် မတွေ့သေးဘူး။ အဲဒီကျမ်းတွေမှာ ကိုးကားဖော်ပြတဲ့ ဇာတတ္ထကီ သောတတ္ထကီတွေမှာလည်း မတွေ့မိပါ။ ဇင်းမယ်ပဏ္ဏာသကိုတော့ မှာထားဆဲပါ။

## ဝါသနာ

'ဝါသနာ'ဆိုတဲ့ ပါဠိဝေါဟာရကို 'အထုံ'လို့ မြန်မာမှု ပြုပါတယ်။ 'ပမာခင်းမူ၊ ပုလင်းအိုးဝယ်၊ သေရက်လှယ်သော်၊ မပြယ်နံ့ဟောင်း၊ အငွေ့လှောင်းသို့၊ လှည့်ပြောင်းစန္ဒာ၊ အဖြစ်မှာလျှင်၊ မကွာစဉ်ဆိုက်၊ အမြဲလိုက်၍၊ ရှေး၌လေ့လာ၊ ဝါသနာဖြင့်'ဆိုတဲ့ ဘူရိဒတ်ဇာတ်ပေါင်းပျို့ (ပိုဒ်–၅၃)စာအရ အရက်အိုး ငံပြာရည် အိုး အဟောင်းတွေမှာ အရက် ငံပြာရည် မရှိတော့ပေမယ့် မူလအနံ့ မပျောက်သလို ဒီဘဝမှာ တွေ့ရတဲ့ ယခင်ဘဝ အလေ့ အကျက်ဟောင်း အချို့ကို 'ဝါသနာ'လို့ ခေါ်ပါတယ်။ ကံ ကိလေသာတို့ရဲ့ သတ္တိအထူးပါပဲ။

## နှစ်မျိုး

ကုသိုလ်အထုံနဲ့ အကုသိုလ်အထုံလို့ (ဒီနေရာမှာ) နှစ်မျိုး မှတ် နိုင်တယ်။ ကုသိုလ်အထုံကို အရိယမဂ်နဲ့ ပယ်စရာ မလိုဘူး။ ကုသိုလ်အထုံ ပါလို့ အရိယမဂ်ကို ရတာ။ အကုသိုလ်အထုံက ၁) အပါယ်ကို ရောက်စေတဲ့ အထုံနဲ့ ၂) ကိုယ်အမူ နှုတ်အမူကို ဖြစ်စေတဲ့ အထုံလို့ နှစ်မျိုး ရှိတယ်။ အမှတ် ၁) အကုသိုလ် အထုံကို အရိယမဂ်ကို ရပြီးသူ အားလုံး ပယ်နိုင်တယ်။ အမှတ် ၂) အကုသိုလ် အထုံကျတော့ မြတ်စွာဘုရားရဲ့ အရိယမဂ်နဲ့သာ ပယ်နိုင်တယ်။ ဘုရားမှ တစ်ပါးသော အရိယာတို့ရဲ့ မဂ်နဲ့ မပယ်နိုင်ဘူး။ ဒါက ပင်းယခေတ် စတုရင်္ဂဗလ အမတ်ကြီး ရေးတဲ့ အဘိဓာန်ဋီကာကျမ်း (စာ–၄၉၈)ရဲ့ ဖွင့်ဆိုချက်ပါ။

## ပိလိန္ဒဝစ္ဆ

နတ်တွေ ချစ်မြတ်နိုး ခံရရာမှာ ဘုရားပြီးရင် ခေါင်းစဉ်ပါ ဘွဲ့အမည်ရှိတဲ့  ရဟန္တာကြီးဟာ အသာဆုံး တေဒဂ်ဘွဲ့ ရတယ်။ ဒီကိစ္စမှာ ဒီရဟန္တာကြီးက အရှင်သာရိပုတ္တရာ စသည်တို့ထက် သာတယ်လို့ နားလည်ရတာပေါ့။ ဒါပေမယ့် လူတွေကိုရော ရဟန်းတွေကိုပါ ‘လူယုတ်’လို့ ခေါ်ဝေါ်လေ့ရှိတယ်။ ရဟန္တာ ဖြစ်ရက်နဲ့ ဘာလို့ အဲဒီလို နှုတ်ထွက် ကြမ်းရသလဲလို့ ရဟန်းတွေက မေးတဲ့အခါ မြတ်ဗုဒ္ဓက ‘ဘဝအဆက်ဆက် လေ့ကျက် ပွားထုံခဲ့တဲ့ ကိလေသာရဲ့ အငွေ့သတ္တိဆိုတဲ့ ဝါသနာကြောင့် အဲဒီလို နှုတ်ထွက် ကြမ်းတာ၊ ဒါပေမယ့် ဒေါသစေတနာ မပြဋ္ဌာန်းပါဘူး’တဲ့။ အရှင်မြတ်ဟာ ဘဝငါးရာ ဆက်တိုက် သူတစ်ပါးကို လူယုတ်လို့ ခေါ်တတ်တဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ဖူးတယ် (ဓမ္မပဒ–ဋ္ဌ ၂၊ ၄၁၉)။ ဒါက အမှတ် ၂) အကုသိုလ် အထုံမျိုးပေါ့။

## ကောက်ချက်

နတ်ချစ် တေဒဂ်ဘွဲ့ရ အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာကြီးရဲ့ ကိုယ်နှုတ် နှလုံးကို စောင့်စည်းမှုနဲ့ သွင်ပြင် တည်ငြိမ်မှုဟာ အရှင်သာရိပုတ္တရာစတဲ့ ခေတ်ပြိုင် ဗုဒ္ဓရဲ့ သာဝကကြီးတွေနဲ့ အလွန်ကြီး မခြားနားနိုင်ဘူးလို့ ဘုန်းကြီး ယူဆတယ်။ ဖော်ပြပါ ဖြစ်ရပ်အရ ဒီရဟန္တာကြီး အနေနဲ့ နှုတ်အမူကို ဖြစ်စေတဲ့ အကုသိုလ် အထုံကို မပယ်နိုင်တာလည်း အမှန်ပါပဲ။ ဒါကြောင့် ရဟန္တာကြီးတွေမှာ အပြင်ပန်းအရ အချို့ ကြုံတောင့်ကြုံခဲ အချို့ တစ်ခါတစ်ရံ အချို့ မကြာခဏ အဲဒီလို မပယ်နိုင်တဲ့ အထုံဝါသနာ အငွေ့အသက်ကို တွေ့ရတတ်တယ်လို့ ကောက်ချက် ဆွဲရင်  ဖော်ပြပါ စတုရင်္ဂဗလ အမတ်ရဲ့ အဆိုနဲ့ ညီမှာပေါ့။

## ယုတ္တိပြပါ

ဒါကြောင့် ထေရဝါဒ မှတ်တမ်းမှာပဲ ဖြစ်ဖြစ်၊ မဟာယာန မှတ်တမ်းမှာပဲ ဖြစ်ဖြစ် အရှင်သာရိပုတ္တရာ မြောင်းကို ခုန်ကျော်တဲ့ ကိစ္စကို ဖော်ပြတာ ပါတယ်ဆိုရင် မဟုတ်ဘူးလို့ ငြင်းနိုင်ဖို့ ကိုယ့်မှာ ခိုင်လုံ အားကောင်းတဲ့ အကြောင်းပြချက် သို့မဟုတ် ကျမ်းဂန် အထောက်အထား ရှိရလိမ့်မယ်။ ပါးစပ် ရာဇဝင်မျှသာ ဖြစ်လို့ စဉ်းစားစရာ မလိုပါဘူးလို့ ဆိုနိုင်တယ်။ ဒါတောင် ဖော်ပြပြီး ယုတ္တိစက်ကွင်းကို မနည်း ရှောင်ရမယ့် အနေမျိုး။ ဘုန်းကြီး အနေနဲ့တော့ ကျမ်းညိုပြရုံ သက်သက်ပါ။ ❐